# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့် နေ့ | ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒေါ်ထုမေ<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁)<br>ရခိုင်အမျိုးသားပါတီ | မြန်မာနိုင်ငံတွင်သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန် အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့်ပညာရေး ပြီးဆုံးချိန်တွင် ကျောင်းသူ/သားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ) ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄မျိုး (4 skills- Reading, Writing, Speaking, Listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို | ၁၄-၁၁-၂၀၁၇<br>(၁၁ရက်မြောက်နေ့)<br>(ဆဋ္ဌမပုံမှန်) | ၂၂-၁-၂၀၁၈<br>(စတုတ္ထနေ့)<br>ပညာရေးဝန်ကြီးဌာန<br>ဝန်ကြီး<br>ဒေါက်တာမျိုးသိမ်းကြီး | အတည်မပြု |
| ၂ | ဦးဖေချစ်<br>ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၉)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို | ၂၃-၁-၂၀၁၈<br>(ပဥ္စမနေ့) | ၁၄-၂-၂၀၁၈<br>(၁၇ ရက်မြောက်နေ့)<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန<br>ဝန်ကြီးဦးအုန်းဝင်း | အတည်ပြု |

| စဥ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့် နေ့ | ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|
| ၃ | ဦးမင်းဦး<br>ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၆)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် သည် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ၃၁-၁-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြောင်း အဆို | ၁-၂-၂၀၁၈<br>(ဒသမနေ့) | - | မှတ်တမ်းတင် |
| ၄ | ဒေါ်ထုမေ<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁)<br>ရခိုင်အမျိုးသားပါတီ | ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဥ်အား ဆင်းရဲသောပြည်နယ်နှင့် တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်း ရေးဆွဲကာ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို | ၅-၂-၂၀၁၈<br>(၁၂ ရက်မြောက်နေ့) | ၂၀-၂-၂၀၁၈<br>(၂၀ ရက်မြောက်နေ့)<br>စိုက်/မွေးဝန်ကြီးဌာန<br>ဒုဝန်ကြီး<br>ဦးလှကျော် | အတည်မပြု |